

# ကံကြမ္မာ စေရာ

Ei Kay Thwe

(ဈပုံ)

# အခန်း {၁}

"လင်ပါသားတဲ့ ဟေ့ ကြားဖူးကြလား ...၊ လင်ပါသားတဲ့"

"မကြားဖူးပါဘူးကွာ"

"ငါတို့တော့ မယားပါသားပဲ ကြားဖူးတယ်။ လင်ပါသားတော့ မကြားဖူးဘူးကွ"

ကျူရှင်ထဲကို ဝင်လိုက်သည်နှင့် နှုတ်ခမ်းများဆီမှ 'လင်ပါသား'ဟူသောစကားကို တစ်ယောက်တစ်ခွန်းစီ အော်ဟစ်ပြောဆိုနေသည်မှာ တခြားသူတွေအတွက် ဘယ်လိုနေမလဲ သူ မသိပေမဲ့ အပြောဆိုခံရသည့် သူ့အတွက်နားထဲကို သံရည်ပူ လောင်းချသလို ခံစားရပြီး ရှက်ရွံ့စိတ်များ ဖြစ်ပေါ်နေမိလေ၏။

သူ့ဘဝက အဖေနှင့်အမေ အိမ်ထောင်ကွဲဖြစ်သွားလို့ ပတ်ဝန်းကျင်မှာမျက်နှာငယ်ရသည့် ကြားထဲ အဖေက နောက်မိန်းမယူပြီး ယူလိုက်သည့်မိန်းမအိမ်မှာပါ လိုက်နေရတော့ လင်ပါသား အဖြစ်သို့ ရောက်လာရသည်။ အဖေ နောက်မိန်းမ ယူလိုက်လို့ သူ မရှက်ပေမဲ့ သက်တူရွယ်တူ ကောင်လေးတွေက လင်ပါသားလို့ ပြောဆိုနေတော့ သူ ရှက်ရသည်။ ပြီးတော့ အဖေ့ကိုလည်း မိန်းမထဘီ ခိုစားသည့် ကောင်တဲ့လေ ...။

"ကိုကို လာလေ ... ဘာရပ်လုပ်နေတာလဲ"

ညီမလေး ခေါ်သံကြောင့် သူ မတ်တတ်ရပ်နေရာမှ ညီမလေးဆီကို လျှောက်သွားလိုက်သည်။

သူ့နာမည်က အလင်းသစ်။ အသက်က ၁၉နှစ်။ မွေးချင်း မောင်နှမလေး ယောက်ထဲမှာ သူက အလတ်ကောင် ဆိုပေမဲ့ မွေးမွေးချင်း အကြီးဆုံး အစ်မကြီးက ဆုံးသွားလို့ သူက အကြီးဆုံး အစ်ကို တစ်ယောက်လို ဖြစ်နေပြီး သူက ယခုလက်ရှိ ဆယ်တန်း တစ်နှစ်ကျကို အပြင်ဖြေ ထပ်ဖြေနေတာ ဖြစ်သည်။ သူ့အောက်က ညီမလေးနှစ်ယောက်တွင် တစ်ယောက်က ခုနစ်တန်း ၁၄နှစ်။ အထွေးလေးက ၆နှစ် သူငယ်တန်း တက်နေသည်။

သူက ဖေဖေနဲ့ လိုက်ပါလာခဲ့ရပြီး ညီမလေးနှစ်ယောက်ကတော့ မေမေနှင့် ကျန်နေခဲ့သည်။ သူနေသည့်အိမ်နှင့် မေမေတို့နေသည့်အိမ်က နှစ်ရပ်ကွက်သာ ခြားသည်။ အထွေးလေးကို အမြဲတမ်း မတွေ့ရပေမဲ့ သူနှင့် အတူ ကျူရှင်တက်သည့် ညီမလေး ခိုင်နှင်းအား အမြဲတမ်း တွေ့ရသည်။

"ကိုကို သူတို့ပြောတာကို နားမယောင်နဲ့နော်၊ ကိုကို့အနားမှာ ညီမလေး အမြဲတမ်း ရှိတယ်"

၁၄နှစ်သာ ရှိသေးသည့် ညီမလေး၏စကားကို နားထောင်ပြီး အလင်းသစ် ခေါင်းညိတ်ပြလိုက်ရသည်။ ခေါင်းမညိတ်ပြလို့ မဖြစ်ချေ။ သူဟာ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ညီမလေး ခိုင်နှင်းထက် စိတ်ဓာတ် ပျော့ညံ့နေခဲ့လို့ပင်။ ထို့ကြောင့် အမေကလည်း 'နင်က အဖေတူသား၊ နင့်အဖေနဲ့ လိုက်သွား'ဟု အဖေနှင့်အတူ သူ့ကိုပါ နှင်ချလိုက်သောကြောင့် သူ အဖေနှင့် လိုက်ပါလာခဲ့ရခြင်း ဖြစ်သည်။

"မေမေ နေကောင်းလား ... ညီမလေး၊ ကိုကို့ကိုရော မေးသေးလား ... "

သူ ထိုသို့မေးတော့ ခိုင်နှင်းသည် ပြုံး၍ ခေါင်းညိတ်ပြ၏။

"နေကောင်းတယ် ကိုကို၊ မေမေကလည်း မေးတယ်။ သားလေး သူ့ကို စိတ်ဆိုးသွားပြီ ထင်ပါရဲ့ ဆိုပြီး ခဏခဏ ပြောနေတာ၊ အထွေးလေးက လည်း ကိုကို့ကို ခေါ်လာဖို့ အတင်း မှာနေတာ"

ဒီလို ကြားလိုက်ရတော့ သူ့ရင်ထဲ အတိုင်းမသိ ပျော်မိ၏။ ရှိတာမှ မောင်နှမသုံးယောက်။ သူ့မှာ တွယ်တာစရာ ညီမလေး နှစ်ယောက်ဆိုပေမဲ့ ညီမလေးနှစ်ယောက်မှာတော့ တွယ်တာစရာဆိုလို့ အစ်ကိုဖြစ်သူ သူ တစ်ယောက်တည်းသာ ရှိသည်။

ဘယ်ဘဝ ဘယ်ရေစက်ကြောင့်များ နီးလျက်နဲ့အဝေးမှာ နေကြရသည့် အဖြစ်ကို ရောက်ရသနည်း။ သူ့ခေါင်းထဲ ထိုအတွေးတွေက တဝဲလည်လည် ပင်။

"ကျူရှင် ပြန်လွှတ်ရင် အိမ်ကို လိုက်လည်ပါလား ... ကိုကို"

"အေး နင့်အမေအိမ်ကို သွားတာ တွေ့လို့ကတော့ ငါ့အဆိုးမဆိုနဲ့နော် အလင်းသစ်၊ နင့်အဖေကြောင့်ရော နင့်ကြောင့်ပါ ငါအပြောမခံရချင်ဘူး"

ခိုင်နှင်းမေးသည်ဆို မိထွေး၏စကားကို သူ့နားထဲ ပြန်ကြားရလို့လာ သည်။ ကျောင်းဆက်နေဖို့ကို မိထွေးကပဲ အကုန်တာဝန်ယူပေးတာမို့ သူ ထိုစကားကို နာမခံလို့မဖြစ်သလို သူ အမေ့အိမ်ကို သွားလည်တာ အဖေသာ သိသွားလျှင် မိထွေးနှင့် စကားများမှာကို ကြိုမြင်ပြီး ခိုင်နှင်း၏အမေးအား ငြင်းပယ်လိုက်ရသည်။

"မလိုက်တော့ပါဘူး ညီမလေးရယ်၊ စာမေးပွဲက နီးနေပြီဆိုတော့ ကိုကို စာဆက်လုပ်ရမယ်၊ စာမေးပွဲ ဖြေပြီးမှပဲ ကိုကို လာလည်တော့မယ်"

"ဟုတ်ကဲ့ ကိုကို"

ကျူရှင်တက်ချိန် ရောက်ပြီမို့ လူခွဲကာ အားလုံးနှင့်အတူ သူတို့ မောင်နှမ နှစ်ယောက်လည်း ကိုယ့်စာကျက်ဝိုင်းမှာ ကိုယ်ထိုင်ကြရသည်။

မနှစ်ကလည်း မိသားစုအရေးကြောင့် တစ်နှစ်လုံးလုံး ကြိုးစားထားသမျှ အလကားဖြစ်ခဲ့ရပြီးပြီမို့ စာထဲကို အာရုံမရောက်ပေမဲ့လည်း သူ့မှာ

သတိထားကာ စာထဲအာရုံ ပြန်ပြန် နှစ်နေရသည်။ ယခုနှစ် အောင်မှဖြစ်မည်။ သို့မှာသာ သူ လုပ်ချင်တာကို လုပ်ခွင့်ရမည်။

ဤသို့ဖြင့် ကျူရှင် ဆင်းချိန်သို့ ရောက်လာခဲ့သည်။

"တာ့တာ ညီမလေး"

စာမေးပွဲ နီးနေပြီဆိုသည့် အသိစိတ်ကြောင့် ထင်ပါရဲ့။ စာကျက်ချိန်တွေဟာ ခဏလေးပင်။ ကျူရှင် လွှတ်သည်ဆို သူ ညီမလေးခိုင်နှင်းကို လမ်းထိပ်ထိ လိုက်ပို့ကာ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်ထဲ ဝင်လိုက်သည်ဆို ထုံးစံအတိုင်း အဖေက ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ဖုန်းပွတ်လို့ နေလေသည်။

"ကျွန်တော် ပြန်ရောက်ပြီ"

ဖခင်တစ်ယောက်မို့ ကျောမပေးသင့်၍ သူပြန်လာကြောင်း ပြောပြီး လွယ်အိတ်ကို သံတိုင်မှာ ချိတ်ကာ သူ့ရဲ့ အိပ်ခန်းထဲအား ဝင်လာခဲ့လိုက်သည်။

အိပ်ခန်းထဲ ရောက်သည်ဆို သူ လျှော်ဖွပ်ပြီး လှန်းထားခဲ့သည် သူ့အဝတ်အစား တစ်စုံသည် သူ့ခေါင်းအုံးပေါ်တွင် မီးပူတိုက်ကာ ခေါက်ထားလျက် အသင့်ရှိနေလေပြီ။ သူ အခန်းထဲက ပြန်ထွက်လိုက်ပြီး အဖေ့နားသွားလိုက်သည်။

"အန်တီသန်း ဘယ်ထွက်သွားလဲ"

"ဈေးဝယ် ထွက်သွားတယ်။ ဘာလုပ်မလို့လဲ"

သူ့အမေးကို ပြန်ဖြေနေသည့် အဖေဟာ ဖုန်းကြည့်မပျက်။

"ကျွန်တော့်ဝေယျာဝစ္စတွေ မလုပ်ပေးဖို့ အန်တီသန်းကို အဖေ ပြောပေးလို့ မရဘူးလား ... "

"သူက မင်း အမေလေ၊ သူ လုပ်ပေးတော့ မင်း မပင်ပန်းဘူးပေါ့"

"မပင်ပန်းပေမဲ့ ကျွန်တော် ရှက်တယ်ဗျ၊ အဖေရော သားရောက မိန်းမ တစ်ယောက်ရဲ့ လုပ်စားလည်း ထိုင်စားတယ်။ အဲမိန်းမကပဲ ဝေယျာဝစ္စ လုပ်ပေးနေရတယ်။ အဖေမရှက်ပေမဲ့ ကျွန်တော် ရှက်တယ်။ ပြီးတော့ သူ ကျွေးတာစား သူ ထားသလိုနေပြီး သူ့အမိန့်တွေကို မနာခံချင်ဘူး၊ အဲဒါ ကြောင့် ကျွန်တော့် ဝေယျာဝစ္စတွေ သူ မလုပ်မိအောင် အဖေပြောထားပါ"

"မင်း ငါ့ကို လာဟောင်မနေနဲ့၊ ရှက်တတ်ရင် လဲသေလိုက်၊ သူ့အမိန့်တွေ ကို နာမခံချင်ရင် မင်း သူ့အရိပ်အောက်မှာ မနေနဲ့၊ အခုချက်ချင်း ထွက်သွား လိုက်"

"ကျွန်မ ထွက်သွားခွင့် မပြုဘူး ကိုမင်းနိုင်"

သူတို့သားဖနှစ်ယောက် အော်ဟစ်ပြောသံကြောင့် ဒေါ်သန်းတင်ခေါ် သူ၏ မိထွေးသည် ကပျာကယာ အိမ်ထဲသို့ ဝင်လို့လာပြီး ထိုသို့ဆိုသည်။

"ရှင့်မှာ ဒီသားတစ်ယောက်တည်း ပါလာတာ၊ ကျွန်မကလည်း ကလေး မွေးပေးနိုင်တာ မဟုတ်ဘူး၊ ဒီသားတစ်ယောက်တည်းကို မကျွေးမွေးရင် ဘယ်သူ့ကို ကျွေးမွေးထားမှာလဲ"

"မင်းက ကျွေးမွေးထားနိုင်ပေမဲ့ သူက မင်းအရိပ်အောက်မှာ မနေချင်ဘူး လေ၊ မင်း အမိန့်ပေးသလို မနေနိုင်ဘူးတဲ့"

သူပြောသမျှ စကားတွေကို အဖေဟာ အန်တီသန်းကို တည့်တိုး ပြန်ပြော ပြလို့နေလေသည်။ အန်တီသန်းသည် ကြမ်းပြင်ပေါ်သို့ ထိုင်ချကာ မျက်နှာ က သူ့ဘက် လှည့်လို့လာသည်။

"ဒီမှာ အလင်းသစ်၊ ငါလုပ်သမျှက နင်ကောင်းစားဖို့ အတွက်ချည်းပဲ၊ မင်း အမေနဲ့ မပတ်သက်ဖို့ အမိန့်ပေးတာ မင်း မပျော့ညံ့ဖို့အတွက်ပဲ၊ နင့်အဖေ

လို သောက်ပျင်းနဲ့ နင့်အမေလို စုစုဆောင်းဆောင်း စည်းကမ်းတကျ မလုပ်တတ်တဲ့ မိန်းမရဲ့လက်ထဲမှာ နေရင် နင့်ဘဝ ကောင်းစားမယ် ထင်သလား ... "

အဖေ့ကို အပျင်းတဲ့။

အဲဒီအပျင်းကို အမေ့လက်ထဲက မရမက သူမပဲ လုယူခဲ့တာ မဟုတ်လား ...။ သူ မသိမသာ နှုတ်ခမ်းမဲ့မိလိုက်သည်။

"အန်တီ အဖေ့ကို ပြောချင်သလို ပြောလို့ရတယ်။ ဒါပေမဲ့ ကျွန်တော့်အမေ သိက္ခာကျစေတဲ့ စကားကို မပြောပါနဲ့၊ ကျွန်တော့်အမေ စုစုဆောင်းဆောင်း နဲ့ ကျွန်တော်တို့ကို ရှာဖွေကျွေးမွေးခဲ့လို့ ကျွန်တော် အခုလို အသက်အရွယ် ထိ ရောက်လာတာ၊ အန်တီပြောသလိုပဲ ကျွန်တော့်အဖေကြောင့်သာ ဆိုရင် လေ ကျွန်တော်တို့ ခွေးဖြစ်နေလောက်ပြီ"

"ဘာကွ ..."

ထိုင်နေရာမှ ကျုံးထကာ လက်သီးဖြင့် ထိုးဖို့ ပြင်နေသည့် အဖေ့ရှေ့ကို အန်တီသန်းတင်က ဝင်ရောက်၍ အလင်းသစ် ခန္ဓာကိုယ်ကို သူမခန္ဓာကိုယ် ဖြင့် ကာလို့ ထားသည်။

"ရှင် စကားနဲ့ ပြောချင်တာ ပြော လက်ပါဖို့ မစဉ်းစားနဲ့"

အဖေ့လက်က အောက်ချလို့သွားသည်။

"မင်းအမေကြောင့် မင်း သက်သာသွားတယ် မှတ်"

"ထိုင် အလင်းသစ်"

အိမ်ထဲမှ ထွက်သွားသည့် အဖေ၏ကျောပြင်ကို ကြည့်ပြီး သူလည်း ကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်သည်။

သူတို့သားဖနှစ်ယောက်ကို ကြည့်ပြီး သက်ပြင်း တဟင်းဟင်းချနေမိသူက

ဒေါ်သန်းတင်ပင်။

"အန်တီက ကျွန်တော့်အဖေကို အပျင်းလို့လည်း ပြောသေးတယ်။ ဘာလို့ လက်ထပ် ယူထားတာလဲ"

အလင်းသစ် မေးခွန်းကြောင့် ဒေါ်သန်းတင် ရယ်လို့သွားသည်။

"ချစ်လို့ပေါ့ ... ချစ်လို့ လက်ထပ်ယူလိုက်တာ၊ မင်းအဖေကို ငါက ဟိုး သိတတ်စ အရွယ်ကတည်းက ချစ်လာရတာ"

အဖေ့ကိုဆို မှိုချိုးမျှစ်ချိုး ပြောတတ်သည့် အန်တီသန်းတင်၏ စကားကို သူ မယုံချင်ပါ။

"နင် မယုံဘူး မဟုတ်လား ...၊ ငါ ဖွင့်ပြောတုန်းကလည်း နင့်အဖေက အဲဒီလိုပဲ ငါ့စကားကို မယုံကြည်ခဲ့ဘူးလေ၊ ငါက သူ့ကို သူငယ်ချင်း တစ်ယောက်အနေနဲ့ စနောက်ပြောတယ်ပဲ ထင်နေခဲ့တာ၊ အဲဒါကြောင့် ငါတို့ ဝေးခဲ့ရတာ"

အဖေ့အကြောင်းကို ပြောပြီး အန်တီသန်းတင်မှာ ပြုံးလို့နေရာမှ ချက်ချင်း မျက်နှာညှိုးသွား၏။

"နင့်အဖေက တကယ်တော့ သနားစရာ ကောင်းပါတယ်"

"ဘာဖြစ်လို့လဲ အန်တီ"

"နင် နောက်တော့ သိလာမှာပါ။ အဲဒါကြောင့် နင့်အဖေ ဘာပဲပြောပြော နင့်စိတ်ထဲ ဘာမှမထားနဲ့နော်၊ ငါက မိထွေးဆိုပြီး နင့်ကို အမိန့်ပေးတာလို့လည်း နင်မတွေးနဲ့၊ ငါက မိထွေးအဆင့်မှာ နင့်ကို အမိန့်ပေးစရာ ဘာအကြောင်းမှမရှိဘူး၊ တစ်ခုတော့ ရှိတယ်။ နင့်ဘဝ မနစ်မွန်းချင်ရင် နင့်မိသားစုနဲ့ သွားမပတ်သက်နဲ့၊ ကဲ ရေမိုးချိုးတော့၊ နင့်အဖေ ပြန်လာရင် ထမင်းစားဖို့ ထမင်းဝိုင်း ပြင်လိုက်ဦးမယ်"

အန်တီသန်းတင်သည် ပြောပြောဆိုဆို ထသွားသည်။

အဖေက သနားစရာကောင်းတယ်တဲ့။ အဖေက သနားစရာကောင်းသည့် မြင်ကွင်းကို သူ တစ်ခါမှ မမြင်ဖူးခဲ့ပါ။ အမြဲတမ်း ရှာဖွေကာ ဘာချက်ပြုတ် ရမလဲဆိုပြီး ပင်ပန်းနွမ်းနယ်နေသည့် အမေ့ကိုသာ သူ မြင်ခဲ့ရသည်။ အန်တီ သန်းတင်ရဲ့စကားကို ခြုံငုံပြီး ကြည့်ချက်အရ အဖေ့ကို အမြဲတမ်း အိမ်မှာ သူ မတွေ့မိတာကြောင့် ဖြစ်လိမ့်မည်။

.....

"အမေ့ ... "

ခိုင်နှင်း ရေချိုးပြီး၍ လိမ်းဖြီးကာ အခန်းပြင် ထွက်လာသည်ဆို အမေ့ကို နမ်းနေသော ယောကျ်ားတစ်ယောက်အား တွေ့လိုက်ရသည်။ အမေလည်း သူမကို မြင်တော့ ထိုယောကျ်ားအား တွန်းထုတ်လိုက်၏။

"သမီးခိုင်နှင်း"

အမေ့အရှေ့ ခိုင်နှင်းတစ်ယောက် မတ်တတ်သွားရပ်လိုက်သည်။

"ဘယ်က ယောကျ်ားကို အိမ်ပေါ် ခေါ်တင်လာတာလဲ အမေ"

"ဧည့်သည်ပါ"

"ဧည့်သည်က အိမ်ဦးခန်း မရောင် ဘုရားခန်း မရောင် မဖွယ်မရာ လုပ် နေတာကို အမေက ငြိမ်ခံနေရတာလား ...၊ အခုချက်ချင်း ရှင် ကျွန်မ အိမ် ထဲက ထွက်သွား"

ခိုင်နှင်း အမေ့ကိုလည်းပြော ထိုယောကျ်ားကိုလည်း နှင်ထုတ်တော့ ထို ယောကျ်ားသည် အမေ့ကို လက်ကာပြ၍ အိမ်ထဲမှ ထွက်သွားသည်။ ခိုင်နှင်း အမေ့ကို မျက်လုံးစိမ်းကြီးဖြင့် ကြည့်လိုက်မိသည်။

"အဲဒါ နင့်အဖေ ဖြစ်လာမဲ့သူ"

"သမီးကို မိထွေးက နှိပ်စက်မှာစိုးလို့ဆိုပြီး အိမ်မှာ နေခဲ့ခိုင်းတာ အခု တော့ ပထွေးလက်ထဲမှာ ကြီးပြင်းခိုင်းမယ်ပေါ့လေ"

"မဟုတ်ပါဘူး သမီးရယ်၊ သမီးအဖေမရှိတော့ အမေတစ်ယောက်တည်း သမီးတို့ကို လုပ်ကျွေးလို့ မနိုင်တော့ဘူးလေ၊ အဲဒါကြောင့် ... "

"အဲဒါကြောင့် အမေ့ရဲ့ ဒုတိယယောကျ်ားကို အိမ်ပေါ် ခေါ်တင်တော့မယ် ပေါ့၊ သမီးကတော့ ပထွေးလက်ထဲမှာထက် မိထွေးလက်ထဲမှာပဲ သွားပြီး ကြီးပြင်းလိုက်မယ် အမေ၊ အမေ့သားသမီး သုံးယောက်လုံးကို အမေ အဆုံး ရှုံးခံနိုင်ရင် အဲဒီလူကို အမေ အိမ်ပေါ် ခေါ်တင်လာလိုက်ပါ"

"ခိုင်နှင်း ... ငါကညည်းအမေ၊ ညည်းဘာမှ အထွန့်တက်ပိုင်ခွင့် မရှိဘူး၊ သဘောမတူဘူးလည်း ပြောပိုင်ခွင့် မရှိဘူး၊ ငါက ညည်းကို သမီးတစ် ယောက်အနေနဲ့ အသိပေးရုံပဲ"

"အမေ့ ဒုတိယ ယောကျ်ားကြောင့် သမီးတို့ ညီအစ်မနှစ်ယောက် ဘဝ လုံခြုံမယ် ထင်သလား ...၊ ဒူးနဲ့မျက်ရည် သုတ်ရင် သုတ်ရ မသုတ်ရရင် သမီးတို့ဘဝအတွက် ဘုရားတနေရမှာ"

"ညည်း စကားတွေ ရိုင်းလွန်းနေပြီနော်၊ ဒီစကားက သမီးတစ်ယောက် အနေနဲ့ မိခင်ကို ပြောရမဲ့ စကားလား ...၊ ညည်းအသက်အရွယ်နဲ့ဆို ပို တောင် မပြောသင့်သေးတယ်"

"အမေတို့ အသက်အရွယ်နဲ့လည်း ဒီလိုနေရာမှာ နမ်းရှိုက်တာမျိုး လုပ် သင့်လား ...၊ သမီးက အမေ့သမီး သမီးမှန်တယ် ထင်ရင်တော့ ရိုင်းမှာပဲ၊ သမီးက အမေနဲ့တူတာမို့ ကိုကိုလို့မျိုး အမေ ဘာတွေ လုပ်နေလဲဆိုတာကို မသိပဲ အမေ့မျက်နှာ တစ်မျက်နှာတည်းကို ကြည့်နေမဲ့သူမျိုး မဟုတ်ဘူး"

"ဟဲ့ မိခိုင်နှင်း"

"ဘာကြည့်နေကြတာလဲ"

ပြောချင်ရာ ဖွတ်ပြောပြီး ကြမ်းပြင်ကို ခပ်ပြင်းပြင်းနင်းကာ အထွေးလေး စာကျက်နေသည့် ကွပ်ပျစ်ဆီသို့ ထွက်လာခဲ့သည်။ ကွပ်ပျစ်နားရောက်တော့ သူမတို့အိမ်ထဲက စကားသံကို နားစွင့်နေသေးသည့် ပတ်ဝန်းကျင်က လူတချို့ကိုလည်း လှမ်းဟောက်လိုက်သေး၏။

ခိုင်နှင်းသည် အလင်းသစ်နှင့်မတူပါ ရိုင်းစိုင်းသည်။ ရဲတင်းသည်။ ပွင့်လင်းသည်။ သူမကိုယ် သူမ 'ငါက အမေတူ သမီး'ဟု သတ်မှတ်ထားသော မိန်းကလေးလည်း ဖြစ်သည်။

ငရဲကြီးရင် ကြီးပါစေလေ။ အဖေမရှိတုန်း အမေ ဘယ်ယောကျ်ားတွေနဲ့ ဖောက်ပြန်ခဲ့ဖူးလဲဆိုတာ ခိုင်နှင်းကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ နှစ်ခါမက သုံးခါမကတော့။ အဲဒါကြောင့်လည်း အသက်အရွယ်နဲ့ မလိုက် အမေ့ကို အခုလိုတွေ ပြန်ပြောနေမိတာ။

အဖေဘာကြောင့် ခိုင်နှင်းတို့ကို ပစ်သွားလည်း ခိုင်နှင်း သိသည်။ ထို့ကြောင့် ခိုင်နှင်း အဖေ့ကို အပြစ်မပြောခဲ့သလို ကိုကိုနဲ့လည်း အဆက်အသွယ်မပြတ်အောင် နေနေခဲ့တာ။

အမေ့ကို ပြောချင်သလိုပြော ဆိုချင်သလို ဆိုခဲ့ပြီးမှ ဝမ်းနည်းလာသည့် ခိုင်နှင်း မျက်ရည်ကြီး မျက်ရည်စငယ်တို့သည် အထွေးလေး၏ ကျောင်းသင်ခန်းစာ စာအုပ်ပေါ် တပေါက်ပေါက် ကျဆင်းလို့ လာကုန်သည်။

***